
# ရှေ့နေကြီး ပယ်ရီမေဆင်

နှင့်

# စားပွဲထိုးမကလေးအမှု

မောင်ဝံသ

မှုခင်းစုံထောက်နှင့် ဥပဒေပညာပေး



# The Case of the Moth-Eaten Mink

ERLE STANLEY
GARDNER

A Perry Mason Mystery

စားသောက်ဆိုင်မှ ရုတ်တရက် ပျောက်သွားသော စားပွဲထိုးမကလေး တစ်ဦး။

အဖိုးတန် သားမွေးအင်္ကျီထဲ သို့ဝှက်ထားသော အပေါင်လက်မှတ်တစ်ခု။

မြေအောက်ဂိုဏ်း သဲလွန်စရှာရင်း အသတ်ခံခဲ့ရသော ရဲကြပ်ကြီးတစ်ဦး။

ဟိုတယ်ခန်းတွင်း စကားပြောခန်းများ လျှို့ဝှက် အသံဖမ်းသော စုံထောက်တစ်ယောက်။

လူသတ်မှု ကြံရာပါအဖြစ် ကိုယ်တိုင် ကျရောက်ရတော့မည့် အခြေအနေမှ ရှေ့နေကြီး ပယ်ရီမေဆင်နှင့် အဖွဲ့ ကျော်လွှား ဖြေရှင်းခဲ့ရပုံများ ။

***

အခန်း(၁)

ပင်ပန်းလှသည့် နေ့တစ်နေ့ပင်။

ရှေ့နေကြီး ပယ်ရီမေဆင်နှင့် အတွင်းရေးမှူးမကလေး ဒယ်လာစထရိတို့ သည် လျှောက်လဲချက်တစ်ခု ရေးနေကြသည် မှာ ယခုမှ ပြီးသည် ။

ဤအမှုတွင် သက်သေ ဆိုသူကလည်း ကလိမ်။ ပြီးတော့ ဆင်ဝှေ့ရန်ရှောင် ထွက်ဆိုသွားသည် ။

သက်သေ၏ ရှေ့နေကလည်း ပါးနပ်လွန်း၏။ ဥပဒေကြောင်းဆိုင်ရာ ကန့်ကွက်ချက်ပေါင်းစုံ အသုံးပြု ခဲ့သည် ။ ထို့ကြောင့် ပယ်ရီမေဆင်သည် သူ့ကျွမ်းကျင်မှုများကို အသုံးပြု၍ အရေးပါသော အချက်အလက်များ ဖော်ထုတ်နိုင်ရေးအတွက် ချေပ လျှောက်လဲချက် ရေးသားခဲ့ရသည် ။

လျှောက်လဲချက် ရေးပြီးသည် နှင့် တစ်ပြိုင်နက် မေဆင်နှင့် ဒယ်လာတို့ သည် ပင်ပန်းခဲ့သမျှ အတိုးချ အပန်းဖြေနိုင်ရန် မောရစ်အဲလ်ဘတ်၏ စားသောက်ဆိုင်သို့ သွားရောက်ကြကာ သီးသန့် အခန်းတစ်ခုတွင် နေရာယူလိုက်ကြသည် ။

ဒယ်လာက သက်ပြင်းချပြီး သူ့ဆရာကို လှမ်းပြောသည် ။

"ဆရာရေ . . . ဆရာတော့ မသိဘူး၊ ကျွန်မတော့ တော်တော် ဖားသွားတယ်"

စားသောက်ဆိုင် ပိုင်ရှင်က စားပွဲထိုးကို ပြန်လွှတ်ပြီး အရေးကြီးသော ဖောက်သည် များကို သူကိုယ်တိုင် ပြုစုရန် ပြင်ဆင်ရ၏။

"ဆရာတို့ ဒီနေ့ သိပ်ပင်ပန်းလာတယ် ထင်ပါတယ် ခင်ဗျား"

"ဒီလောက်လည်း မဟုတ်လှပါဘူး"

"ရုံးမှာ တစ်နေကုန်တယ် ထင်ပါတယ်"

မေဆင်က ခေါင်းခါပြသည် ။ ဒယ်လာက ဖြေ၏။

"လျှောက်လဲချက်တစ်ခု ရေးနေခဲ့ကြတာပါ"

မောရစ်က အစားအသောက်ကိစ္စ စတင်မေးမြန်းသည် ။

"ကြက်မြီး အရက်ပဲလား ဆရာ"

"ပေါ့ပေါ့ နှစ်ခွက် ဆိုပါတော့လေ"

မောရစ်က စားပွဲထိုးကို တစ်ဆင့် လှမ်းမှာ လိုက်ရင်း မေဆင်တို့ ကို ပြောပြန်၏။

"ဒီနေ့ ကြက်ကြော် သိပ်ကောင်းတယ် ဆရာ၊ ကြက်သားလုံးကြော် လေ၊ ဘယ်မှာ မှ မရနိုင်တာမျိုး ဒီမှာ ရမယ်"

မောရစ်က လက်မထောင်၍ နှုတ်ခမ်းနားသို့ ဟန်အပြည့်ဖြင့် ပင့်ပြ သည် ။

ဒယ်လာက လှမ်းနှောက်လိုက်သည် ။

"ရှင်က ကျွန်မတို့ ကို အမဲဖမ်းနေတာလားရှင့်၊ ဒါမျိုး ရှင် ဘယ်လိုလု ပ် ရထားသလဲ"

"လုံးကြော်ကို ပြောတာလား"

"မဟုတ်ပါဘူး၊ ရှင့်အမူအရာပါ"

"ရုပ်ရှင်ထဲက အတုခိုးထားတာပါ ခင်ဗျ"

မေဆင်က ကြားဝင်ပြောသည် ။

"အဲဒါတွေ ထားပါလေ၊ ကြက်သားလုံးကြော် နှစ်ပွဲ၊ အာလူးကြော် များများ ထည့်၊ ပြီးတော့ ပေါင်မုန့် ထောပတ်သုတ်လည်း ယူခဲ့ပေါ့၊ စွပ်ပြုတ်ယူဦးမလား ဒယ်လာ"

ဒယ်လာက ခေါင်းညိတ်ပြ၏။

"အကောင်းဆုံး ရပါစေ့မယ် ဆရာတို့ "

မောရစ်ကိုယ်တိုင် သွားယူနေစဉ် ဆရာ တပည့် နှစ်ယောက် စီးကရက် သောက်ကြ၏။ မေဆင်က စပြောသည် ။

"ဟိုကောင် အမှန်အတိုင်း အစစ်ခံလိုက်ရင် တို့ ၁၅ မိနစ်နဲ့ တောင် ပြီးနိုင်ပါတယ်ကွာ"

"ဆရာ နောက်ဆုံးတော့ အမှန်ကို ရလိုက်တယ် မဟုတ်လား"

"ရတော့ ရတာပေါ့၊ အရည်ကျိုထားတဲ့ ငွေရည် ပူပူကို လက်နဲ့ ကောက်ယူရတာထက် ဆိုးပါသေးတယ်၊ မေးလိုက် ရှောင်လိုက်နဲ့ အလှည့်အပတ်တွေ ကလည်း များ ပါဘိသနဲ့ ၊ အကြောင်းအရာကိုလည်း ဟိုလှည့် ဒီလှည့်နဲ့ "

ဒယ်လာက ရယ်ပြီးပြောသည် ။

"ဆရာ . . . သူ့ကို ဆရာက မေးခွန်းတစ်ခုတည်း ၁၂ ခါလောက် မေးတာကော သတိထားမိရဲ့ လား"

"အကြိမ်တော့ ရေမထားမိပါဘူး၊ ဒါပေမဲ့ အဲဒီမေးခွန်းက အရေးကြီးတယ်လေ၊ မေးလိုက် လှည့်လိုက် လုပ်ပေမဲ့ နောက်ဆုံးတော့"

"ဟုတ်တယ် ဆရာ၊ နောက်ဆုံး ဆရာ့မေးခွန်း သူ ဖြေလာရတာပါပဲ၊ ဆရာ့သားကောင် ဖြစ်သွားတာပေါ့"

မောရစ်သည် ကြက်မြီးအရက် စပ်ပြီးသားများ ယူပြီး ရောက်လာ၏။

ဆရာတပည့် နှစ်ယောက် ဖန်ခွက်ချင်း တွေ့ထိလိုက်ပြီးနောက် စကားမပြောကြဘဲ ငြိမ်သက်စွာ သောက်နေကြသည် ။

မောရစ်က စကားပြန်ပြောရန် ပြင်သည် ။ သို့သော် ဒယ်လာက သူ့ဆရာ အနားယူစေလိုဟန်ဖြင့် ပြောလိုက်၏။

"မစ္စတာမောရစ် ကျွန်မဆရာ သိပ်ပင်ပန်းနေပါတယ်ရှင်"

"ကဲ ...ကြက်ကြော် လုပ်နေပြီလား၊ ရရင် ယူခဲ့ပေတော့"

မေဆင်က ထိုမျှသာ ပြောသည် ။

မောရစ် ပြန်ထွက်သွားပြန်သည် ။ မေဆင်နှင့် ဒယ်လာတို့ ကြက်မြီးအရက်ကို ဖိမ်ယူ သောက်နေကြ သည် ။ မောရစ် စားစရာများ ယူလာချိန်တွင် မြိန်ရှက်စွာ စားကြသည် ။ ပြီးနောက် ကော်ဖီနှစ်ခွက် နောက်ထပ် မှာ သောက်သည် ။

သူတို့ စားပြီးလောက်ချိန်တွင် မောရစ် ပြန်ရောက်လာပြန်၏။

ဒယ်လာက သူ့အမူအရာကို ကြည့်ပြီး မှတ်ချက်ချလိုက်၏။

"ဆရာရေ ...မောရစ်တော့ ပြဿနာ ရှိနေပြီ ထင်တယ်"

မေဆင် လှမ်းကြည့်လိုက်စဉ် မောရစ်က စပြော၏။

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော့် စားပွဲထိုးမ တစ်ယောက်ကြောင့် ပြဿနာလေး ရှိနေပါတယ်"

ဒယ်လာက ရယ်စရာအဖြစ် ဝင်နှောက်၏။

"ဆရာ သတိထားနော်၊ ကလေးစရိတ် ထင်တယ်"

"ဟုတ်တယ် ဒယ်လာ၊ ဒါမျိုးက ဥပဒေကြောင်းနဲ့ ဖြေရှင်းရမဲ့ ကိစ္စမျိုးပဲ၊ ဘယ်လိုဖြစ်တာလဲ ဆိုပါဦး" မေဆင်က မေး၏။

"ဒီလိုခင်ဗျာ၊ ကောင်မလေးက အရင် ငါးရက်လောက်ကမှ အလုပ်ဝင်တယ်၊ ဒီနေ့ လဆန်း ၁ ရက် မဟုတ်လား၊ ကျွန်တော်က သူ့လုပ်ခ ရှင်းပေးမလို့ ၊ အဲဒါ ဆရာတို့ လည်း ဝင် လာပြီးရော ခဏကြာတော့ သူ မရှိတော့ဘူး၊ ထွက်ပြေးသွားလေရဲ့ ၊ အဲ . . . ဒီလောက် အေးတဲ့ ရာသီမှာ ဦးထုပ်မပါ၊ ကုတ်အင်္ကျီ မပါနဲ့ ၊ ကုတ်အင်္ကျီကလည်း ဟိုတုန်းကတော့ အကောင်းဆုံးပါပဲ၊ အခုတော့ ပိုးကိုက်ထားလို့ မနိပ်တော့ပါဘူး"

"နေပါဦး မောရစ်၊ အဲဒါကို မောင်ရင်က ဘယ်လိုထင်လို့ လဲ"

"ဒီကောင်မလေး ရဲကိုကြောက်လို့ ပြေးတယ် ထင်တာပဲ"

"ဘာကြောင့် ထင်နိုင်တာလဲ"

"ပန်းကန်ဆေးသမားက မြင်လိုက်သတဲ့ ၊ ကုတ်အင်္ကျီကို ဗီရိုထဲ ထားခဲ့ပြီး နောက်ဖေးပေါက်က တစ်ခါတည်း ပြေးတယ် ဆိုပဲ ခင်ဗျ၊ သူ စားပွဲထိုးရမဲ့ အစားအစာတွေလည်း အေးကုန်ပြီ"

"ဒီတော့ မင်းက ဘယ်လို စီစဉ်သလဲ"

"တခြား ကောင်မလေးတွေကို သူ တာဝန်ယူရတဲ့ စားပွဲတွေမှာ အစားထိုး ခိုင်းရတော့တာပေါ့"

မေဆင်က စားပြီး ပန်ကန်များကို ဘေးဘက် တွန်းလိုက်ပြီး စိတ်ဝင်စားစွာ မေးပြန်၏။

"ငါးရက်စာ လုပ်ခရမှာ သူ သိတယ်နော်"

"ကျွန်တော် နာရီဝက်လောက် ကတည်းက ပြောထားတယ်၊

အလုပ်များ နေလို့ ပြီးမှ ယူမယ်တဲ့ "

"ဒါဆို အဲဒီအချိန်တုန်းက ဒီကလေးမ ထွက်ပြေးဖို့ စိတ်ကူး မရှိသေးဘူး ဆိုရမယ်"

မောရစ်က ပခုံးတွန့်ပြ၏။

"အင်း ...သူ ကြောက်နေရတဲ့ လူတစ်ယောက်ယောက် ဝင်လာလို့ ထွက်ပြေးတာ ဖြစ်မှာ ပေါ့"

"ဟုတ်နိုင်တယ်၊ ဒီကလေးမဟာ ရဲအဖွဲ့က အလိုရှိနေသူ ဖြစ်လိမ့်မယ်၊ ဒီတော့ ရှေ့နေကြီးက ကျွန်တော့်ကိုတော့ အကာအကွယ် ပေးပါဗျာနော်"

"စုံထောက် တစ်ယောက်ယောက်ကော ရောက်လာသေးသလား"

"ဒါတော့ ကျွန်တော်လည်း မသိဘူးခင်ဗျ"

"ကလေးမ ထားခဲ့တဲ့ ကုတ်အင်္ကျီ ကြည့်ရအောင်"

"ဟို ကုတ်အင်္ကျီလား၊ အဲဒါ ကျွန်တော့်ကို နှောက်နေတာပေါ့ ခင်ဗျ၊ ကျွန်တော် ဒါကြီး ဘာလုပ်ရမှာ လဲ၊ သူ့လခကတော့ သူ့ဟာသူ လာထုတ်ယူရင် ရမယ်၊ ဒီကုတ်အင်္ကျီကြီး ကျွန်တော် ဘယ်လိုလုပ်ရမလဲ ပြောပါဦးဗျာ"

"အဝတ်ဗီရိုတစ်ခုထဲ ထည့်သိမ်းထားလိုက်ရုံပေါ့၊ ဘယ်မလဲ ကျုပ်တို့ ကြည့်ပါရစေ"

မောရစ် ခေါင်းညိတ်ပြီး ထွက်သွားတော့မှ ဒယ်လာက ပြောသည် ။

"စုံထောက်တစ်ယောက်ယောက် ဝင်လာတာ တွေ့လို့ ဖြစ်မယ် ထင်တယ်နော် ဆရာ"

"ဒယ်လာရေ သိပ်အတွေးမလောနဲ့ ဦး၊ ကုတ်အင်္ကျီကို ပထမ ကြည့်ကြရအောင်"

မောရစ်သည် ကုတ်အင်္ကျီ ယူပြီး ပြန်လာ၏။

ဒယ်လာက လှမ်းကြည့်ပြီး ပြော၏။

"အမယ်လေး ဆရာရယ်၊ နှမြောစရာ ကောင်းလိုက်တာ၊ ဒီလောက်ကောင်းတဲ့ သားမွေးအင်္ကျီမှာ ပိုးကိုက်ထားလိုက်တာ၊ ဒီကတောင် မြင်ရတယ်"

သားမွေးအင်္ကျီ အဖိုးတန်ကြီးမှာ ပိုးကိုက်ရာများ ဖြင့် ပွနေချေပြီ။ အပေါ်စား သားမွေးဆိုလျှင် သိသာဖွယ် မရှိ။

ဒယ်လာက ကုတ်အင်္ကျီကို လှမ်းယူပြီး အပ်ချုပ်ကုမ္ပဏီ တံဆိပ် ရှာကြည့်၏။

"ဆရာရေ ကိုလ်တန်ကိုလ်ဖက် ကုမ္ပဏီက အာမခံ သားမွေးအင်္ကျီကြီး ဆရာ၊ တကယ့် အကောင်းစားပဲ"

မောရစ်က ဝင်ပြောသည် ။

"တစ်နေရာရာက ပေါ်ပေါ်ရလာတာ ဖြစ်မှာ ပေါ့"

"ကိုယ်တော့ ဒီလို မထင်ဘူး၊ ဒီလောက် အဖိုးတန်တာကြီးကို ပြန်ဖာခိုင်းရင် ရမယ်ထင်တယ်"

ဒယ်လာက ဖြေသည် ။

"သုံးလေးနေရာတည်း ဆရာ၊ ပြန်ဖာရင် ရပါတယ်၊ ဒီအတိုင်း ပြန်ရောင်းတာထက် ပြန်ဖာပြီး ရောင်းရင် ဈေးကောင်းကောင်း ရနိုင်တာပေါ့ ဆရာ"

မေဆင်က ဖြတ်ပြော၏။

"နေပါဦး မောရစ်၊ မင်းစားပွဲထိုးမက ဒီလို အဖိုးတန် ကုတ်အင်္ကျီမျိုး နဲ့ ဘာနဲ့ ပါလားကွ"

"ခိုးလာတာလည်း ဖြစ်နိုင်ပါတယ်၊ ရာသီဥတုကလည်း ပူနေတော့ မဝတ်ဖြစ်ဘဲ ဗီရိုထဲ ထားရင်းကနေ ပိုးကိုက်သွားတယ် ထင်ပါရဲ့ "

"အင်း ... သူ့ အမျိုးသား မိတ်ဆွေက လက်ဆောင်ပေးတာလည်း ဖြစ်နိုင်တာပဲ၊ နောက်မှ ကလေးမက ဒီအင်္ကျီကြီးဟာ ခိုး လာပြီး သူ့ကို ပေးတာလို့ ထင်ကောင်ထင်နိုင်တယ်၊ အေးလေ ဒါဟာ လျှို့ဝှက် ဇာတ်လမ်းတစ်ပုဒ်ပဲ၊ ကိုယ်ကလည်း ဒီဇာတ်လမ်းမျိုး ဝါသနာပါတယ်လေ"

"ကျွန်တော်တော့ ဝါသနာ မပါဘူးဗျ"

မေဆင်သည် ချုပ်ရိုးချုပ်သားများကို အသေအချာ လေ့လာနေ၏။ မောရစ်ကပင် စကားပြန်စသည် ။

"တံဆိပ်က အတုများ လား ဆရာ"

"တံဆိပ် အမှန်အတိုင်းပါကွာ၊ တစ်ခုတော့ ရှိတယ်၊ တခြားအင်္ကျီက တံဆိပ်ဖြုတ်ပြီး ဒီအင်္ကျီမှာ တပ်တာလည်း ဖြစ်နိုင်တာပဲ၊ နေဦး နေဦး ဒါဘာလဲ၊ ဒီချုပ်ရာကို ကြည့်စမ်း၊ အသစ်စက်စက် ချုပ်ရာပါကလား၊ တခြားချုပ်ရာတွေနဲ့ အရောင်ကွဲနေတယ်"

ချုပ်ရာအသစ် နေရာကို မေဆင်က လက်ဖြင့် စမ်းကြည့်ရင်း ဆက်ပြော၏။

"ဟော့ ... မောရစ် ဒီမှာ ကြည့်စမ်း ချုပ်ရိုးထဲမှာ တစ်ခုခု ရှိနေတယ် ကွ၊ အင်း ... ဒီကိစ္စမှာ နည်းနည်း ထူးဆန်းတာကလေး တွေတော့ ရှိနေပြီ ထင်တယ်"

"ကျွန်တော့်ကို ပြောနေတာလား ဆရာ" ဟု မောရစ်က မေးသည် ။

"ဟုတ်တယ်၊ ဒီ ကုတ်အင်္ကျီကို မူလ ကတည်းက ဒီအမျိုးသမီး ဝယ်ခဲ့တယ်လို့ ပဲ ယူဆကြပါစို့၊ ဒါဆိုရင် တစ်ချိန်တုန်းက ဒီအမျိုးသမီးဟာ တော်တော်ကလေး ချမ်းသာခဲ့လိမ့်မယ်၊ နောက်တော့မှ အခြေအနေ ပျက်ခဲ့တာ ဖြစ်ရမယ်၊ အဖိုးတန် သားမွေး ကုတ်အင်္ကျီ ပိုးကိုက်ခံရတာကိုတောင် မပြုပြင်နိုင်တဲ့ အခြေအနေ ဖြစ်ခဲ့လိမ့်မယ်"

"ဟုတ်တယ် ခင်ဗျ၊ ဒီကလေးမ လက်ထဲမှာ တကယ် တစ်ပြားမှ မရှိရှာဘူး" ဟု မောရစ်က ဝင်ပြောသည် ။

"ဟုတ်နိုင်ပါတယ်၊ ဒါကြောင့် လည်း ဒီစားသောက်ဆိုင်မှာ အလုပ် ဝင်လုပ်တာ ဖြစ်မှာ ပေါ့၊ ဒါပေမဲ့ လခ ထုတ်ဖို့ ကိစ္စက ချက်လက်မှတ် လည်း ရေးပြီးနေပြီ၊ မောရစ်ကို တွေ့ပြီး တောင်းယူဖို့ ပဲ ရှိတော့တယ်ဆိုတာ ဒီကလေးမ သိလျက်နဲ့ ထွက်ပြေးသွားပုံ ထောက်တော့ သူ့အတွက် အတော် တုန်လှုပ် ချောက်ချားစရာ တစ်ခုခုနဲ့ ရင်ဆိုင်ခဲ့ရပုံ ရှိတယ်၊ ဒါကြောင့် လည်း ကုတ်အင်္ကျီကိုပါ ထားခဲ့ပြီး ထွက်သွားတာ ဖြစ်မယ်"

မောရစ်က မျက်မှောင်ကြုတ် စဉ်းစားပြီး ဖြေသည် ။

"ဟုတ်တယ်ဗျို့၊ ခုမှ ကျွန်တော် တွေးတတ်တော့တယ်၊ ဒီကလေးမ ထောင်ကျဖူးလိမ့်မယ်ဗျ၊ သူ့အမျိုးသားနဲ့ စကားများ ပြီး ပါးစပ်ထဲ ခဲရည်ပူ လောင်းထည့်ခဲ့တာမျိုး၊ ဒါကြောင့် ဒီကုတ်အင်္ကျီနဲ့ လူတွေ့မခံ ရဲတာ ဖြစ်နိုင်တယ်၊ ပြီးတော့"

မောရစ် စကားမဆက်နိုင်မီ ဒယ်လာက ဖြတ်မေး၏။

"ဒါဆိုလည်း ဘာလို့ တစ်နေရာမှာ သိမ်းမထားသလဲ"

"လူသတ်မှု ဖြစ်ခဲ့တယ် ဆိုရင်လည်း အဲဒီကိစ္စ ဘယ်သူမှ မသိစေချင်

လို့ ဖြစ်မှာ ပေါ့၊ သူ တစ်ခုခုတော့ လုပ်ခဲ့ပါလိမ့်မယ်၊ သူလုပ်တယ်လို့ ဘယ်သူမှ လည်း မသိခဲ့ဘူးလေ၊ ဩော် . . . နေဦး နေဦး အရက်မူးပြီး ကားမောင်းမှုနဲ့ အဖမ်းခံရချင်လည်း ခံရဖူးလိမ့်မယ်၊ နာမည်လည်း လိမ်ပေးထားလိမ့်မယ်၊ သူဘယ်သူမှန်း မသိ စေချင်ဘူး၊ ရက်ပေါင်း ၉၀ လောက် ဖြစ်ဖြစ် ထောင်ကျဖူးလိမ့်မယ်၊ အဲဒီမှာ လည်း နာမည်လိမ်နဲ့ ပဲ ထောင်ကျ ခံခဲ့ပုံ ရတယ်၊ ခုလည်း ဒီမှာ သူပေးထားတဲ့ နာမည်က ဒေစီ ဒေတန်တဲ့ ၊ ဒါလည်း နာမည်လိမ်ပဲ ဖြစ်မယ်၊ ဒီကောင်မလေး ထောင်ကျဖူးတာ သေချာပါတယ်လေ"

ဒယ်လာမှာ မရယ်ဘဲ မနေနိုင်တော့။

"မောရစ်၊ ရှင် စိတ်ကူး သိပ်ကောင်းတယ်၊ ဝတ္ထုတွေ ရေးဖို့ ကောင်းတယ်"

"ဒီစိတ်ကူးမျိုးနဲ့ ဆက်တွေးရရင် ရဲတွေတောင် မကြာခင် ဒီဆိုင်ကို ရောက်လာလိမ့်မယ်၊ မိန်းမလည် တစ်ယောက် ဒီမှာ အလုပ် လုပ်သွားတယ်၊ ရဲက လိုချင်သူ ဖြစ်နေရင် ကျုပ်က ဝှက်ထားတယ်လို့ တောင် ယူဆကြဖို့ ရှိတယ်၊ ကိစ္စတော့ မရှိပါဘူးလေ၊ ရဲဌာနချုပ်မှာ ကျုပ်မိတ်ဆွေတွေ ရှိပါတယ်"

ဒယ်လာက ရယ်ပြီး ပြောလိုက်ပြန်၏။

"ကောင်းတယ်၊ ကောင်းတယ်၊ ဒီအတိုင်းသာ ဆိုရင် တစ်နေ့မှာ ရှင်လည်း လူသတ်မှုနဲ့ ဓာတ်ငွေ့ခန်းထဲ ဝင်ချင် ဝင်လိမ့်ဦးမယ်"

"အမလေးဗျာ၊ ဒါမျိုးတော့ ရယ်စရာတောင် မပြောစေချင်ပါဘူး"

မောရစ်အသံမှာ သေနတ်သံအလား ပေါက်ကွဲထွက်လာ၏။

ခေတ္တ ငြိမ်သက်နေကြပြီးမှ မောရစ်ကပင် ခေါင်းတဆတ်ဆတ်

ညိတ်ပြီး ဆက်ပြောသည် ။

"ဇာတ်လမ်းကတော့ အဲဒါပဲ၊ တစ်ချိန်တုန်းက ဒီကလေးမဟာ လူချမ်းသာထဲက ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ တစ်ခုခု ဖြစ်လာပုံရတယ်၊ ဆေးခြောက်မှုလည်း ဖြစ်နိုင်တယ်၊ ထောင်ခြောက်လလောက် ကျခဲ့နိုင်တယ်၊ ဒါကြောင့် ကုတ်အင်္ကျီကြီးလည်း ခြောက်လလောက် မသုံးဖြစ်တာပေါ့၊ ထောင်ကလည်း လွတ်လာရော ကုတ်အင်္ကျီလည်း ပိုးကိုက်ကုန်ရော"

မေဆင်ကပါ ပြုံးပြီး ဖြတ်မေးသည် ။

"ဟုတ်မယ်၊ ထောင်ကျတုန်းက ချမ်းသာတယ်၊ လွတ်လာတော့ မွဲသွားပြီ၊ ဒီလို မဟုတ်လား"

"ဗျာ . . . ဘယ်လိုဖြစ်လို့ "

"ဒါတော့ ငါ့ကို မမေးနဲ့ လေ မောရစ်၊ ဒါဟာ မင်းရဲ့ ဇာတ်လမ်းပဲကွ၊ မင်း ပြောတဲ့ အတိုင်း ငါက လိုက်စဉ်းစားရင်း အပြစ်ရှာကြည့်တာ၊ ဒီမှာ မောရစ်၊ မင်း စဉ်းစားကြည့်စမ်း၊ ကလေးမ အဖမ်းခံရတယ်ပဲ ထား၊ ဒီ သူဌေးသမီးကလေး ထောင်ကလည်း လွတ်ရော၊ ချက်ချင်းပဲ ဟိုတယ် စားပွဲထိုး ဝင်လုပ်တယ် ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ရှေ့နေကြီး ခင်ဗျားဟာက ကျွန်တော့်ကို မေးခွန်းထုတ်နေတာပဲဗျ"

"ကဲကွာ ဒီကလေးမ ဘယ်လို ထွက်သွားတယ်၊ ဘာတွေ ဖြစ်ခဲ့တယ်၊ အမှန်အတိုင်း ပြောပြစမ်း၊ မင်း စိတ်ကူးတွေ ပြောမနေနဲ့ တော့"

"ကျွန်တော် ပြောပြီးပြီပဲ၊ ထွက်သွားတာ ရိုးရိုးကလေး၊ ဟို စားဖို ဆောင်မှူးဆီက မှာ ထားတဲ့ အစားအစာ ချက်ပြီးပြီလို့ အချက်ပေးတယ် ၊ ခေါင်းလောင်းသံ ဆက်တိုက် မြည်နေတယ်၊ အဓိပ္ပာယ်က စားပွဲထိုးမ

လာမယူသေးဘူးပေါ့"

"စားပွဲထိုးမ ဘယ်နှယောက် ရှိသလဲ"

"အမျိုးသမီး ငါးယောက်၊ အကူ အမျိုးသား တစ်ယောက်၊ ဒီလူက ကျွန်တော့်ဆီမှာ ကြာပြီ"

"ကဲ . . . ဆက်ပါဦး၊ ဟို . . . ကလေးမ ကိစ္စ"

"စားဖိုဆောင် ခေါင်းလောင်း မြည်လွန်းနေတော့ ကျွန်တော် ကိုယ်တိုင် သွားစုံစမ်းရတာပေါ့၊ ဟိုမှာ အစားအစာတွေက အေးတောင် နေပြီ၊ စားပွဲထိုးမကို ရှာနေတုန်း ဧည့်သည် တွေ ကြာလှချည်လားလို့ မေးတော့ ဘယ်သူ့ကို မှာ ထားသလဲ ကျွန်တော်က မေးတယ်၊ ပုံသဏ္ဍာန် ပြောပြတော့ ဒါဟာ ဒေစီပဲလို့ သိလိုက်ပြီ၊ ဒါနဲ့ ဒေစီကို ရှာတယ်၊ မတွေ့တော့ဘူး၊ ဒါနဲ့ ကျွန်တော် ကလေးမ တစ်ယောက်ကို ဒေစီ သွားတတ်တဲ့ အခန်းတွေထဲ ရှာခိုင်းတယ်၊ တွေ့ရင် ဆွဲခေါ်ခဲ့ဖို့ မှာ ရတာပေါ့၊ ဘယ်မှာ မှ မတွေ့ဘူး၊ နောက်ဆုံး ပန်းကန်ဆေးတဲ့ လူက ဒေစီ တစ်ယောက် နောက်ဖေးပေါက်က ထွက်သွားတာ တွေ့လိုက်ရသတဲ့ "

"ဒီမိန်းကလေးက တခြား မိန်းကလေးတွေနဲ့ ကော ခင်ခင်မင်မင် ရှိရဲ့ လား"

"ဘယ်သူနဲ့ မှ အဆက်အဆံ မလုပ်ဘူးဗျ၊ စကားတောင် မပြောဘူး"

ထိုအချိန်တွင် လိုက်ကာစိမ်းကို မ,လျက် ဆိုင်လုပ်သားတစ်ဦး ဝင်လာပြီး မောရစ်ကို ပြောသည် ။

"အပြင်မှာ ရဲတွေ ရောက်နေပါတယ် ဆရာ"

မောရစ်မှာ ထိတ်လန့်တကြား ပျာပျာသလဲ ဖြစ်သွားပြီး လှမ်းပြောသည် ။

"အခန်းလွတ် တစ်ခုထဲ ခေါ်သွားနှင့် ၊ အပြင်မှာ အမေးအမြန်း ခံရတာ မကောင်းဘူး၊ ဒုက္ခပဲ မစ္စတာမေဆင်၊ ကျွန်တော်တော့ မိန်းမလည်နဲ့ မှ တွေ့ပြီ ထင်တာပဲ"

"အခန်းလွတ် မရှိဘူး ဆရာ" ဟု ဆိုင်လုပ်သားကလေးက ပြောသည် ။ မောရစ်အဲလ်ဘတ်က စိတ်ပျက်လက်ပျက် သက်ပြင်းချစဉ် မေဆင်က ဝင်ပြောသည် ။

"ဒါဆိုလည်း ဒီအခန်းထဲပဲ ခေါ်ခဲ့ပေတော့၊ ကျုပ်တို့ လည်း ကြားရတာပေါ့"

မောရစ်က သူ့ဆိုင် အလုပ်သမားကို မေးသည် ။

"အရပ်ဝတ်နဲ့ လား၊ ယူနီဖောင်းနဲ့ လား"

"အရပ်ဝတ်နဲ့ ပါ"

"ကဲ . . . ဒါဆို ကုလားထိုင်လွတ် တွေလည်း ယူခဲ့၊ ညှော်သည် ဖို့ ကော်ဖီနဲ့ ဆေးပြင်းလိပ် အကောင်းစားပါ ယူခဲ့ပါကွာ"

မေဆင်က ဝင်မေး၏။

"မောရစ်၊ သူတို့ လာတာ ဘာကိစ္စလို့ ထင်သလဲ"

"ဟို ကလေးမကို တွေ့ချင်လို့ ဖြစ်မှာ ပေါ့ဗျာ၊ ပြီးတော့ ကုတ်အင်္ကျီကြီးလည်း လိုချင်တာ ဖြစ်မှာ ပေါ့ဗျာ၊ ကဲ . . . ဒီ ကုတ်အင်္ကျီကြီး ကျွန်တော် ဘာလုပ်ရမလဲ"

ဒယ်လာက ကြားဖြတ် ဝင်ရှင်းပေး၏။

"ကျွန်မ ကုလားထိုင်မှာ လာချိတ်ထားပါ၊ ကျွန်မ ပစ္စည်းလို့ ထင်ပြီး စစ်ကြမှာ မဟုတ်ပါဘူး"

သူတို့ ပြောပြီး ခဏအကြာ အရပ်ဝတ်နှင့် ရဲနှစ်ဦး အခန်းထဲ ဝင်လာကြသည် ။

"ထိုင်ကြပါ ထိုင်ကြပါ၊ အခန်းမအားလို့ ဒီမှာ ပဲ ပြောကြတာပေ့ါ"

ရဲတစ်ဦးက မေဆင်ကို ကြည့်၍ ပြော၏။

"ဟာ . . . ရှေ့နေကြီး ပယ်ရီမေဆင် ပါလား"

မောရစ်က ဝင်ပြောသည် ။

"ဟုတ်ပါတယ် ရှေ့နေကြီး ပယ်ရီမေဆင်ပါ၊ ကဲ ထိုင်ကြပါ၊ ကိစ္စလည်း ဆိုပါဦး ကျုပ် ဘာကူညီနိုင် ပါသလဲ"

စားပွဲထိုးလူငယ်က ကုလားထိုင် နှစ်လုံးနှင့် ကော်ဖီ၊ ဆေးပြင်းလိပ်များ ယူလာပေးသည် ။

"ကဲ . . . ဟို စားပွဲထိုးမ အကြောင်း ပြောစမ်းဗျာ" ဟု ရဲတစ်ယောက်က စမေးသည် ။

"ဘယ်ကလေးမလဲဗျ"

မောရစ် အဖြေကို ရဲက သဘောကျပုံ မပေါ်။ ကြိမ်းမောင်းသည့် လေသံဖြင့် ပြောသည် ။

"ခင်ဗျားပါ ဒီကိစ္စထဲ ပါနေတယ် ထင်တယ်၊ အူကြောင်ကြောင် လုပ်မနေနဲ့ နော်"

"ဟာ . . . ဘယ်ကလာ၊ သူက ဒီမှာ အလုပ် လုပ်တယ်၊ ခင်ဗျားတို့က သူ့ကိုတွေ့၊ သူက ခင်ဗျားတို့ ကို တွေ့တော့ သူ ထွက်ပြေးတယ်၊ ဒါပဲ"

ရဲနှစ်ယောက် တစ်ဦးကိုတစ်ဦး ကြည့်ပြီး အငယ်လူက ဆက်ပြောသ

ည် ။

"သူက ခင်ဗျားတို့ ကို တွေ့တယ်ဆိုတာ ဘာကို ပြောတာလဲ"

"ဟုတ်တယ်လေ၊ သူက ခင်ဗျားတို့ ကို တွေ့သွားတယ် မဟုတ်လား၊ ဒါကြောင့် ထွက်ပြေးတာ ဖြစ်မှာ ပေါ့"

"ဘယ်ကလာ ကျုပ်တို့ ကို တွေ့ရမှာ လဲ"

"ဒီလိုဆို ဘာကြောင့် ထွက်ပြေးရတာလဲ"

"အဲဒါ သိချင်လို့ ခင်ဗျားဆီကို လာခဲ့တာ"

"သူ ထွက်ပြေးတာ ခင်ဗျားတို့ ဘယ်လို သိသလဲဗျ"

"ဒီကလေးမကို အပြင်မှာ လူတစ်ယောက်က ကားပေါ် အတင်း တက်ခိုင်းတယ်၊ ကလေးမက မတက်ဘူး၊ ဒါနဲ့ ဟိုလူက သေနတ်နဲ့ နှစ်ချက်ပစ်တယ်၊ ကလေးမက ထွက်ပြေးတယ်၊ လမ်းအကူးမှာ ဖြတ်မောင်းလာတဲ့ ကားတစ်စီးက ကလေးမကို တိုက်သွားတယ်၊ ကားမောင်းသူ အပြစ် မဟုတ်ဘူး ၊ မီးက စိမ်းနေတာကိုး၊ အဲဒီအချိန် သေနတ်သမားက ကားမောင်းပြေးတယ်"

မောရစ်က ခေါင်းကုတ်နေသည် ။

"ကျုပ်တော့ ဒုက္ခပါပဲဗျာ"

"မဒုက္ခပါနဲ့ လေ . . . ဒီကလေးမအကြောင်း ကျုပ်တို့ သိချင်တာပါ၊ ဘာတွေ ဖြစ်သလဲ၊ ကလေးမမှာ လက်ပွေ့အိတ်ကလေး ပါလာတယ်၊ နာမည်က ဒေစီဒေတန်တဲ့ ၊ ဒီမှာ အလုပ်လုပ်တယ်လို့ ဖော်ပြထားတယ်၊ သူ ဒီက ပြေးထွက်သွားတဲ့ အကြောင်း ပန်းကန်ဆေးသမားက အစစ်ခံပြီးပြီ၊ ကဲ . . . ဒီတော့ ဒီကလေးမ အကြောင်း ပြောပြစမ်းပါ"

မောရစ် ခေါင်းခါရင်း ပြောသည် ။

"ခုပဲ ကျုပ် သူ့အကြောင်း သိသမျှ မစ္စတာ မေဆင်ကို ပြောပြနေတာပါ၊ ကျုပ်ဆီ လာအလုပ် လုပ်တယ်၊ ငွေလိုနေပုံရတယ်၊ သူ့လုပ်ခပေးဖို့ ချက်လက်မှတ်တောင် ရေးပြီးပြီ၊ ဒီကလေးမ ..."

"ကလေးမ နာမည်အမှန်က ဘယ်သူလဲဗျ"

"ကျုပ်ကို ပြောတာတော့ ဒေစီဒေတန်ပါပဲ"

"နာမည်တု ထင်တယ်"

"ကျုပ်လည်း ဒီလိုပဲ ထင်ပါတယ်၊ ချက်လက်မှတ်မှာ လည်း ဒီ နာမည်နဲ့ ရေးပေးထားတယ်"

"လူမှုဖူလုံရေး နံပါတ်ကော"

"ရှိပါတယ်"

"ဘယ်လောက်လဲ"

"ဒါတော့ မမှတ်မိဘူးဗျ၊ ချက်လက်မှတ် နောက်ကျောမှာ ရှိတယ်"

"ဟုတ်ပြီလေ၊ ကျုပ်တို့ ကြည့်လိုက်ပါ့မယ်၊ ဒါနဲ့ နေပါဦး၊ ဘာကြောင့် သူ ဒီက ပြေးထွက်သွားရတာလဲ"

"ကျုပ်ပြောပြီးပါပြီ" ဤတွင် ရဲနှစ်ဦး ကော်ဖီသောက်၊ ဆေးလိပ်သောက် ကြသည် ။ ထို့နောက် မောရစ်ကို ဆက်မေးကြသည် ။

"ကလေးမ ဘာကို ကြောက်လန့်သွားတယ် ဆိုတာ မြင်တဲ့ လူ ရှိမလား"

"ရှိမယ် မထင်ပါဘူး"

"စုံစမ်းကြည့်စမ်းပါလေ"

မောရစ် အခန်းပြင် ထွက်သွား၏။

ဒယ်လာက ရဲနှစ်ဦးကို ပြုံးပြပြီး မေးသည် ။

"ဆရာတို့ က သိပ်မြန်တာပဲနော်၊ ခြေမြန်လက်မြန်ပဲ"

"ရေဒီယို တယ်လီဖုန်း ကျေးဇူးပါ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့ ကကော ဘယ်လို ဒီကို ရောက်နေကြတာလဲ"

"ထမင်း လာစားတာလေ၊ မောရစ်က ဟိုကလေးမအကြောင်း လာပြောပြာနေတုန်း ကိုယ့်လူတို့ ရောက်လာကြတာ" ဟု မေဆင်က ဝင်ပြောသည် ။

"မောရစ်ကကော ဘယ်လိုသိတာလဲဗျ"

"စားဖိုဆောင်မှာ ကြော်လှော် ပြီးတာတွေ စားပွဲထိုးမ လာမယူလို့ အေးကုန်ပြီး စားဖို့ မှာ ထားတဲ့ ဧည့်သည့် တွေက ဆူပူကြတော့မှ သိရသတဲ့ "

မောရစ်က ပြန်ဝင် လာပြီး သတင်းပို့၏။

"သတင်း အစအနတောင် မသိရပါဘူးဗျာ၊ ပြေးထွက်သွားတာပါပဲ တဲ့ "

"သူ့တာဝန်က ဘယ်စားပွဲတွေလဲ"

"စားပွဲလေးခုပါ၊ သူ နောက်ဆုံး သယ်လာတဲ့ လင်ပန်းထဲမှာ တော့ ရေဖန်ခွက် သုံးခုနဲ့ ထောပတ်ပန်းကန် ပါလာတယ်"

"ဖန်ခွက်သုံးခု ဟုတ်လားဗျ"

"ဟုတ်ပါတယ်"

"အဲဒါ ကျုပ်တို့ အတွက် သဲလွန်စပဲ၊ ထုံးစံအတိုင်းဆို ညစာစားတာ တစ်ယောက်တည်း၊ ဒါမှ မဟုတ် တစ်တွဲ၊ ဒါမှ မဟုတ် နှစ်တွဲ ဖြစ်ရမယ်၊ သုံးယောက်ဆိုတာ ထုံးစံ မဟုတ်ဘူး ဗျ၊ ဒီတော့ . . . အဲဒီ သုံးယောက် စားပွဲဟာ တစ်ခုခု ထူးနေတယ်။ အဲဒီထဲက တစ်ယောက်ကို သူက မှတ်မိ၊ ဒါမှ မဟုတ် ဟိုလူတွေက မှတ်မိလို့ ထွက်ပြေးတာ ဖြစ်မယ်"

မောရစ်က ခေါင်းညိတ်သည်။

"အဲဒီသုံးယောက် ခုဘယ်မှာ လဲ"

"သူတို့ ရှိနေကြပါသေးတယ်၊ ဆိုင်ထဲမှာ တော့ မမေးစေချင်ဘူးဗျာ"

"ဘာကြောင့် "

"မှာ ထားတာလည်း အကြာကြီး စောင့်ခဲ့ရ၊ အမေးလည်း ခံရဆို တော့ . . ."

"မေးတာကတော့ မေးရမှာ ပဲ"

"တိုးတိုးတိတ်တိတ် မေးလို့ မရဘူးလား"

"ဒီမှာ ကိုယ့်လူ . . . ဟိုကလေးမ အထိတ်တလန့် ဖြစ်အောင် လုပ်တာ သူတို့ ပဲ၊ ဒီတော့ မေးကို မေးရမယ်၊ ဒါမှ ရှင်းသွားမှာ ၊ ဒီလူတွေ အဖမ်းမခံရရင် ကံကောင်းမှတ်၊ လာဟော့ ဘီလ် သွားစစ်ကြစို့"

ရဲနှစ်ယောက် ကော်ဖီလက်ကျန် ကတိုက်ကရိုက် သောက်ပြီး ထွက်သွားကြသည် ။ မောရစ်က နောက်မှ လိုက်သွား၏။

မေဆင်က ဒယ်လာကို လှမ်းကြည့်လိုက်သည် ။ ဒယ်လာက

"ဆရာရယ် . . . ဟိုမိန်းကလေး အဖြစ်က သနားစရာနော်" ဟု ပြောသည် ။

"တို့ လည်း လိုက်သွားပြီး ကြည့်ရအောင်လား ဒယ်လာ"

"ဘာကို ကြည့်မှာ လဲ ဆရာ"

"ဟိုလူ သုံးယောက်ကိုလေ"

မေဆင်က ဦးဆောင်ပြီး ထွက်သွားကာ မောရစ်နှင့် ရဲနှစ်ယောက်ကို မြင်ရသော စားပွဲတစ်လုံး၌ နေရာ ယူလိုက်ကြသည် ။

စားပွဲတွင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိုင်နေကြ၏။ အမျိုးသားများက လူလတ်ပိုင်း အရွယ်၊ အမျိုးသမီးမှာ အသက် ၂၅ နှစ် ကျော်ခန့် ရှိမည်။

ရဲနှစ်ဦးက သွယ်ဝိုက် မနေတော့ဘဲ တိုက်ရိုက်ဝင် တိုက်ရိုက် စစ်ဆေး မေးမြန်းတော့သည် ။ ယာဉ်မောင်း မှတ်ပုံတင်လိုင်စင်၊ အမျိုးသား မှတ်ပုံတင် ကတ်ပြားနှင့် အခြား သက်သေခံ လက်မှတ် စာရွက် စာတမ်းများ တောင်းကြည့်၏။ တစ်ဆိုင်လုံး ထိုစားပွဲကို အာရုံ ပိုစိုက်မိ လာကြသည် ။ တစ်ဆိုင်လုံး စကားပြောသံ များ လည်း တိတ်သွား၏။

မေဆင်က ဒယ်လာ့ လက်မောင်းကို တို့လိုက်ပြီး တိုးတိုးပြောသည် ။

"ဟိုဘက်စားပွဲမှာ တစ်ယောက်တည်း ထိုင်ပြီး အမဲနှပ် မြို့နေတဲ့ လူကို သတိထားစမ်း ဒယ်လာ"

"ဘာဖြစ်လို့ လဲ ဆရာ"

"နည်းနည်း ထူးခြားသလားလို့ ၊ စားတော့လည်း တစ်ယောက်တည်း၊ ပြီးတော့ လူပုံပန်း ကြည့်ရတာ တစ်ခုခု ယတိပြတ် လုပ်တတ်တဲ့ လူမျိုး၊ မျက်ခုံးထူထူ၊ ဆံပင်နက်နက်နဲ့ "

"ဟုတ်ကဲ့ ဆရာ ကျွန်မ တွေ့ပါပြီ၊ ဒါပေမဲ့ ဘာထူးခြားလို့ လဲ ဆရာ

ရဲ့ "

"စားတာကလည်း ကတိုက်ကရိုက်၊ ဒါပေမဲ့ ဓားနဲ့ ခက်ရင်း ကိုင်ဟန် ကတော့ ဟန်မပျက် စေလိုတဲ့ ပုံ၊ အမြန်လည်း စားပြီးချင်တယ်၊ ဟန်ပျက်မှာ လည်း စိုးရိမ်တယ်၊ ပြီးတော့ တစ်ဆိုင်လုံး ဟိုလူသုံးယောက် စားပွဲကို အာရုံစိုက်နေကြတဲ့ အချိန်မှာ သူမသိသလို အမူအရာ လုပ်ထားတယ်၊ ဆိုင်ထဲမှာ သူ့လို မသိကျိုးကျွံ နေတဲ့ လူ မရှိသလောက် ဖြစ်နေတယ် မဟုတ်လား"

ဒယ်လာက ခေါင်းညိတ်ပြသည် ။ မေဆင်က ဆက်ပြောသည် ။

"သူထိုင်တဲ့ စားပွဲဟာ ရဲတွေ စစ်နေတဲ့ စားပွဲနဲ့ ဆယ်ပေလောက်ပဲ ကွာတယ်၊ ဒါပေမဲ့ သူက မကြားဟန်နဲ့ စားပဲ စားနေလေရဲ့ ၊ အပြင် လည်း သွားချင်ပြီး စားလို့ ကလည်း မပြီးသေး၊ ဟန်ပျက်မှာ လည်း စိုးရိမ်နေတယ်"

"ဆရာပြောတာ ဟုတ်တယ် ဆရာ"

ဆရာတပည့် နှစ်ဦး အတန်ကြာ ထိုလူကို အကဲခတ်နေကြ၏။ ဒယ်လာက အရင်စမေးသည် ။

"ဆရာ ဒီလူ ဟိုကလေးမ ကိစ္စနဲ့ ပတ်သက်နေတယ် ထင်လို့ လား"

"ဟုတ်တယ်"

"ဘယ်လို ပတ်သက်နိုင်သလဲ ဆရာ"

"ရဲတွေ ခြေရာကောက် လွဲနေတာ၊ ၁၀ ပုံ ၉ ပုံ သေချာနေပြီကွဲ့"

"ကျွန်မ မရှင်းဘူး ဆရာ"

"ဒီလို စဉ်းစားကြည့်ကြစို့၊ ဟိုကလေးမဟာ လူသုံးယောက်အတွက်

ရေဖန်ခွက် သုံးခွက်ရယ်၊ စားစရာ သုံးပွဲရယ် ယူအလာ မီးဖိုတံခါးပေါက် အရောက် ပြေးထွက်သွားတယ် မဟုတ်လား"

ဒယ်လာက ခေါင်းညိတ်ပြ၏။

"ဒီတော့ လူသုံးယောက်အတွက် စားပွဲထိုးရမယ် ဆိုတာ ကလေးမ သိထားပြီးသားနဲ့ ပြေးထွက်သွားတယ် ဆိုတော့ . . ."

"ဒါဆို စောစောက ရဲတွေ ယူဆတာ မှန်နေပြီပေါ့၊ ဟိုလူသုံးယောက် ကို သေသေချာချာ ကြည့်မိတော့မှ မှတ်မိပြီး ပြေးသွားတာ ဖြစ်နိုင်တယ် "

" မဟုတ်ဘူး ၊ အစတည်းက ဒီသုံးယောက်ကို သူ အနီးကပ် တွေ့ပြီး ပြီ၊ ဒါကြောင့် ဒီသုံးယောက်ဟာ ကလေးမနဲ့ ဘယ်လိုမှ မပတ်သက်ဘူး ကွဲ့၊ သူတို့ အတွက် ဖန်ခွက်သုံးခုနဲ့ စားစရာ ယူအလာမှာ တစ်စုံတစ် ယောက် ဆိုင်ထဲ ဝင်လာတာ သူတွေ့ရမယ်၊ ဒါကြောင့် ထွက်ပြေးတာ"

"ဆရာ ဒါဆိုရင် ဟို အမဲနှပ် မြို့နေတဲ့ လူလို့ ဆရာ ပြောချင်တာ လား"

"သိပ်ဖြစ်နိုင်တယ်၊ ဒီအတိုင်းမှန်ရင်တော့ ဒီလူ ကတိုက်ကရိုက် စား တဲ့ အမူအရာ မပေါ်အောင် စားနေတာ အကြောင်းရှိတယ်၊ ရဲတွေ သူ့ကို မသင်္ကာဖြစ်မှာ စိုးလို့ ၊ ဒီတော့ ဒယ်လာရေ ဒီလူကို တို့ ဂရုစိုက် ရလိမ့်မ ယ် သူ ပြန်မယ်ပြင်ရင်"

"ဆရာ နောက်ကျနေပြီ ဟိုမှာ ပြန်ဖို့ ပြင်နေပြီ ဆရာ"

"ကဲ . . . ဒယ်လာရေ ငါ့တပည့် စုံထောက် လုပ်ပေတော့၊ အဲဒီ လူ နောက် မသိမသာလိုက်၊ ဘယ်ပြန် သလဲ၊ ဘယ်သူလဲ၊ တတ်နိုင်သလော က် ကြိုးစား၊ စွန့်တော့ မစွန့်စားလေနဲ့ နော်၊ နောက်ယောင်ခံမှန်းလည်း

မသိ စေနဲ့ ၊ သူ့ကားနံပါတ်က အစ အားလုံး မှတ်ခဲ့၊ အမှန်က တို့ နှစ်ယောက်လုံး လိုက်သင့်တယ်၊ ဒါပေမဲ့ ရဲက မသင်္ကာ ဖြစ်နေဦးမယ်၊ တို့ ဒီအချိန် ဒီမှာ ရှိနေတာ သိပ်တိုက်ဆိုင်နေတယ်၊ အဲဒါ မကောင်းဘူး"

"ကျွန်မ ကြိုးစားပါ့မယ် ဆရာ"

မေဆင်က သူ့ကားသော့ လှမ်းပေး၏။

"ဆရာ ဟိုကလေးမရဲ့ ကုတ်အင်္ကျီ ဘယ်လိုလုပ်မလဲ"

"ရဲတွေ လိုချင်ရင် ယူသွားပါစေလေ"

"နေဦးဆရာ မောရစ်က ဟိုမှာ ကျွန်မတို့ ကို ကြည့်နေတယ်၊ ဒီကုတ်အင်္ကျီ အကြောင်း ရဲတွေ မသိစေချင်ဘူး ထင်တယ် ဆရာ"

"ကဲ ... ဒီလိုဆိုလည်း ဒယ်လာပဲ ဝတ်သွားပေတော့"

ထိုအချိန်၌ ဒယ်လာ နောက်ယောင်ခံမည့် သူ စားပွဲမှ ထပြီဖြစ်၍ ဒယ်လာကလည်း အသင့်ပြင်ရင်း အပြင်ထွက်သွားသည် ။

မေဆင် တစ်ဦးတည်း ချန်ခဲ့ပြီး ရဲနှစ်ဦးကို စောင့်နေစဉ် စစ်ဆေး၍ ပြီးသွားသဖြင့် မေဆင်တို့ စားသောက်အခန်းဘက် မောရစ် ဦးဆောင်ပြီး ပြန်လာကြသည် ။ ရောက်ရောက်ချင်း ရဲတစ်ဦးက မေဆင့်ကို မေး၏။

"စောစောက ဒီထဲက မိန်းကလေး ဘယ်ရောက်သွားသလဲ"

"အိမ်ပြန်သွားပြီလေ၊ ငွေချေဖို့ တို့ စောင့်နေတာတောင် ကြာလှပြီ မောရစ်"

မေဆင်က ရဲတစ်ယောက်ကို ဆက်၍ မေးသည် ။

"ဘာတွေ စစ်လို့ ရခဲ့သလဲ"

"ဟို သုံးကောင်က ကလေးမနဲ့ ဘာမှ မဆိုင်ဘူးဗျ၊ မိန်းကလေးက ကုမ္ပဏီတစ်ခုမှာ အရောင်းစာရေးမ လုပ်တယ်၊ အမျိုးသား နှစ်ယောက် ကတော့ ဒီမြို့ကတောင် မဟုတ်ကြပါဘူး၊ တခြားကလာတဲ့ ကုန်သည် တွေပါ၊ ည ကပွဲအတွက် အဖော်ရှာနေကြတာ"

"ဘယ်လို ညကပွဲလဲ"

"နှစ်ယောက်နဲ့ တစ်ယောက် ဆိုတော့ တစ်ယောက် လိုနေတာပေါ့၊ ဒါကြောင့် ကောင်မလေးကို တစ်ယောက် ရှာခိုင်းတယ်၊ ကောင်မလေး က သူ့သူငယ်ချင်း တစ်ယောက်ဆီ ဖုန်းဆက်ခေါ်တယ်၊ ဟိုက ရောက်မ လာခင် အခု အချိန်ဖြုန်းနေကြတာပဲ"

"ဟိုကလေးမက ဘယ်လို အမျိုးအစားလဲ"

"မိန်းမကောင်းကလေးပါ၊ ဒါပေမဲ့ မနက်ဖြန် သူ့ဆိုင်ကို သွား ထောက်လှမ်း ကြည့်ရဦးမယ်"

မောရစ်က ကြားဖြတ်မေးသည် ။

"ဟို စားပွဲထိုးမကလေး ဘာကို ကြောက်ပြီး ပြေးတာလဲဗျ"

ရဲတစ်ယောက်က ခပ်ဆတ်ဆတ် ဖြေသည် ။

"တို့ လည်း ဘယ်လိုလုပ် သိမှာ လဲကွ၊ စုံစမ်းရဦးမယ်၊ မနက်ဖြန် ဆေးရုံကို တစ်ယောက်ယောက် လာစုံစမ်းမှာ သေချာတယ်၊ အဲဒီကို လို က်ရမှာ ပဲ၊ ဒီမှာ တော့ ဘာမှ လုပ်စရာ မကျန်တော့ပါဘူး"

မောရစ် ယခုမှ စိတ်သက်သာသွားဟန် ပေါ်လာသည် ။

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်၊ ဒီမှာ ဒေစီကို ထိတ်လန့်တ ကြား ဖြစ်စရာ ဘာမှ မရှိနိုင်ပါဘူးလေ၊ ခုတော့ ဆိုင်ထဲမှာ စစ်လား

ဆေးလား ဖြစ်လာရတာ ကျွန်တော့်မှာ ခုပဲ ဖောက်သည် သုံးယောက် မိတ်ပျက်ရပြီ"

ရဲတစ်ဦးက ဝင်ပြော၏။

"ကျုပ်တို့ လည်း မလုပ်ချင်ပါဘူးလေ၊ အခြေအနေက ဖြစ်လာတော့လည်း စစ်ရ ဆေးရတာပေါ့၊ ကဲ . . . မောရစ် ကျုပ်တို့ သွားမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့"

ရဲနှစ်ဦး ထွက်သွားသောအခါ မေဆင်က ပြောသည် ။

"ဒယ်လာတော့ သတင်း ရလိုရငြား အပြင်သွားလေရဲ့ ၊ ကုတ်အင်္ကျီလည်း ယူသွားတယ်၊ ရဲတွေ တွေ့သွားမှာ ကြိုက်မကြိုက် ငါ မသိလို့ ပေးလိုက်တာပဲ"

"ဟာ . . . ကျွန်တော်ကလည်း ရဲတွေ မတွေ့စေချင်ပါဘူး၊ ဒယ်လာ ဝတ်သွားတာ တွေ့လိုက်ပါတယ်၊ ဒီရဲတွေ မြန်မြန် ပြန်စေချင်လှပြီ၊ ဒါပေမဲ့ ကျွန်တော့်ကို မသင်္ကာ ဖြစ်မှာ လည်း စိုးရိမ်တယ်၊ သူတို့ မသင်္ကာဖြစ်ရင် ဒီမှာ တဝဲလည်လည် လုပ်နေကြဦးမယ်၊ ဒီတော့ လိုလိုမည်မည် မစ္စတာမေဆင် ကျွန်တော့်ရှေ့နေ အဖြစ် ဒီအရေးမှာ ဆောင်ရွက်ပေးစေချင်ပါတယ်"

"ဘာတွေ ဆောင်ရွက်ပေးရမှာ လဲကွ"

"ဟို ကုတ်အင်္ကျီကြီးလည်း ရှေ့နေကြီးပဲ သိမ်းထားပေးပါ၊ စားပွဲထိုးမ အကြောင်း မေးလာရင်လည်း မေးလာသူကို ရှေ့နေကြီးဆီ လွှတ်လိုက်ပါရစေ၊ ကျွန်တော့်ရှေ့နေ အဖြစ် ကိစ္စအားလုံးအတွက် ဆောင်ရွက်ပေးမယ် မဟုတ်လား"

"ကိစ္စအားလုံးဆိုတာ ဘာကို ပြောတာလဲ"

"ကိစ္စအားလုံးပါ ဆိုနေမှ ဗျာ၊ အားလုံးပေါ့"

"ဟာ . . . မောရစ် မင်း ဒီစားပွဲထိုးမ အကြောင်း ဘာမှ မသိဘဲနဲ့ မပတ်သက်ချင်ပါနဲ့ လေ"

"ဟုတ်ကဲ့ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော်လည်း မပတ်သက် ချင်ပါဘူး၊ မပတ်သက် ဖြစ်အောင်လည်း နေပါ့မယ်၊ ဒါကြောင့် ရှေ့နေကြီး ကျွန်တော့်အတွက် ဘာမှ လုပ်စရာ မရှိလည်း ကိစ္စမရှိပါဘူး၊ ကျသင့်တဲ့ ရှေ့နေခ ရှင်းတမ်းသာ ကျွန်တော့်ဆီ ပို့လိုက်ပါ၊ တစ်ခုခု ဖြစ်လာရင် မစ္စတာ မေဆင်ဟာ ကျွန်တော့် ရှေ့နေပေါ့ ဟုတ်ဘူးလား"

"ကောင်းပြီလေ၊ မင်းကိစ္စတွေ အကြောင်း မပြောချင်လည်း နေပေါ့"

"ဘာကို မပြောချင်လည်း နေခိုင်းတာပါလဲ"

"မင်း မပြောဘဲ ချန်ထားတာလေကွာ"

"ကျွန်တော် မပြောဘဲ ချန်ထားတယ်လို့ ခင်ဗျား ဘာကြောင့် ထင်တာလဲဗျ"

"ပြောမှ မပြောသေးတာပဲကွ"

မောရစ် လက်မြှောက်ရချေသည် ။

"အင်း . . . ခင်ဗျားတို့ ဥပဒေ ပညာရှင်တွေက တစ်မျိုးပဲ၊ စုံထောက်တွေနဲ့ မတူဘူးနော်၊ ဒါကြောင့် ကျွန်တော် ရှေ့နေတွေကို ကြောက်တယ်၊ စုံထောက်တွေ ကျတော့ ဆက်ဆံရတာ ကောင်းသဗျ၊ မကြာခင်က ကျွန်တော် ငှားခဲ့ဖူးသေးတယ်၊ တာဝန်ကျေကြပါတယ်"

"မောရစ် ဘာအတွက် စုံထောက် ငှားရတာလဲကွ"

"ပြဿနာ ကြုံခဲ့ရလို့ ပါ၊ လူတိုင်းမှာ ပြဿနာ ရှိကြတာပဲ မဟုတ်

လား၊ အဲဒီတုန်းက စုံထောက်လိုတယ်၊ ဟော အခုတော့ ရှေ့နေ လိုလာပြန်ပြီ"

"ကောင်းတယ်၊ ကောင်းတယ်၊ ကဲ ... မောရစ်ရေ တို့ လက်ကျန်ကလေး သွားရှင်းလိုက်ရင်း ဒယ်လာကို စောင့်လိုက်ဦးမယ်"

"ဒယ်လာ ပြန်လာမှာ လားဗျ"

"လာမှာ ပေါ့၊ မင်းရဲ့ ဟိုကုတ်အင်္ကျီကြီး ရဲတွေ တွေ့မသွားအောင် အပြင်ဝတ် ထွက်သွားရတာပဲဟာ"

"ရဲတွေ ပြန်သွားတာ ကျွန်တော်တော့ ဝမ်းမြောက် မဆုံးဘူး၊ ဒီလိုမ ပြန်ရင် ကျွန်တော့် ဖောက်သည် တွေ မိတ်ပျက်ကုန်တော့မှာ ၊ ခုလည်း ကျွန်တော့် ဖောက်သည် တွေကို သွားရှင်းပြ ရဦးမယ်ဗျို့"

"မင်း ဘယ်လို ရှင်းပြမှာ လဲ"

"အမှန်တော့ ဘယ်ပြောမလဲ၊ လိုးလွဲ ပြောရမှာ ပေါ့"

၁၀ မိနစ်ခန့် အကြာတွင် ဒယ်လာ ပြန်ရောက်လာ၏။

"ဆရာရေ သိပ်လည်တဲ့ လူပဲ"

"ပြောပါဦး၊ ဘာတွေ ဖြစ်ခဲ့သလဲ"

"လမ်းပေါ်ရောက်တော့ ဆက်လျှောက်သွားတယ် ဆရာ၊ ပြီးတော့ ချက်ချင်း အငှားကား ငှားတယ်၊ ကျွန်မလည်း နောက်ယောင်ခံမှန်း မသိအောင် ဟန်ဆောင်ရင်း သူ ကားထဲအရောက် အငှားကား ငှားတယ်၊ မရဘူး၊ ဆရာ့ ကားကလည်း ကားရပ်စခန်းမှာ ဆိုတော့ သွားယူနေရင် မျက်ခြည်ပြတ် သွားဦးမှာ ၊ သူ ငှားစီး သွားတဲ့ ကားနံပါတ် ကျွန်မ ယူထားလိုက်ပါတယ်"

"ကဲ ...ဆက်ပါဦး၊ အလုပ်ဖြစ်ရဲ့ လား"

"ကျွန်မ တော်တော်နဲ့ ကားမရဘူး၊ ရမဲ့ ရတော့လည်း ကားပေါ် ကျွန်မ အမြန်တကက်ရင်း ဟိုလူ သွားတဲ့ ဘက် လိုက်ခိုင်းပြီး လိုက်ရမဲ့ ကားနံပါတ်ပါ ပြောပြလိုက်တယ်"

"ဒီတော့ တွေ့ရောလား"

"ဟား ဟား ဟား ဆရာရယ်၊ မတွေ့ဘဲ ဘယ်နေမလဲ၊ သူ့ ကားနံပါတ် မှတ်ထားပြီး လိုက်တာ မဟုတ်လား"

"ဆက်ပါဦး"

"သူ စီးသွားတဲ့ ကားနံပါတ်က ၈၆၃ လေ ဆရာ"

"အဲဒီတော့"

"အဲဒီတော့ ကျွန်မ ငှားစီးလာတဲ့ ကားနံပါတ်ကလည်း ၈၆၃ ပဲ ဆရာ ၊ ဒါကြောင့် သူစီးသွားတဲ့ ကားကို တွေ့တယ် ပြောတာ"

"အလို ...ဒယ်လာ၊ ညည်းဟာက ရှုပ်ကုန်ပါပကော၊ ရှင်းပါဦး"

"သူက ဒီကားငှားစီးပြီး တစ်နေရာအရောက် ပြန်လွှတ်လိုက်ပြီး သူ့ ကားနဲ့ သူပြေးတာ၊ သူ ပြန်လွှတ်တဲ့ ကားကိုမှ ကျွန်မက ငှားစီးမိနေတာ ကိုး ဆရာရဲ့ "

"ကောင်းကုန်ရော ဒယ်လာရေ နေပါဦး၊ ညည်း နောက်ယောင်ခံတာ သူ သိနေလို့ လား"

"မသိဘူး ဆရာရဲ့ ၊ သူ့နောက် ဘယ်သူမှ နောက်ယောင် မခံနိုင်အောင် ကြိုတင် သတိထားတဲ့ သဘောပါ ဆရာ၊ ပထမ သွားတာ သူ သွားလိုရာဘက်ရဲ့ ဆန့်ကျင်ဘက်အရပ်၊ ပြီးမှ ကားငှားစီး ပြန်လွှတ်၊ တစ်ခါ သူ

သွားချင်တဲ့ ဘက် ကားငှား ပြန်စီးလာ၊ အဲဒီလို ဆရာရဲ့ "

"ဒီလူ တော်တယ် ဒယ်လာရေ့၊ သူ လုပ်သွားပုံ ကလေးတွေက တကယ် ရုပ်ရှင်ဆန်ဆန် အနုပညာ မြောက်တယ်"

"ဒါပေမဲ့ ဆရာ၊ ကျွန်မကို ပတ်သွားတာတော့ မခံနိုင်ဘူး"

"ညည်းကို ပတ်သွားတာ မဟုတ်ပါဘူး၊ သူ့ဘာသာသူ သူဘာလဲလို့ ပြသွားတာပါကွဲ့"

"ဘယ်လို ဘယ်လို ဆရာ"

"စားပွဲထိုးမ ပြေးတာ ဘယ်သူ့ကို ကြောက်လို့ ဆိုတာ ခု တို့ သိရပြီလေ"

ပြောပြောဆိုဆို မေဆင်သည် မောရစ်ရှိရာ သွားပြီး မေးလိုက်၏။

"ဟေ့ ... မောရစ်၊ မင်း ဆိုင်လာတဲ့ လူတွေ အားလုံးက အမြဲတမ်း ဖောက်သည် တွေလား"

"နည်းနည်းပါးပါးကတော့ ထပ်လာတတ် ကြပါတယ်"

"ဒါဆိုရင် တစ်ဦးတည်း ညစာ လာစားတတ်တဲ့ လူတစ်ယောက်ကို မှတ်မိပါ့မလား"

"မှတ်မိနိုင်မယ် ထင်ပါတယ်"

"ဟိုဘက်စားပွဲမှာ စောစောက တစ်ဦးတည်း ထိုင်ပြီး ညစာ စားသွားတဲ့ လူကို သိသလား၊ သိရင် သူ့နာမည် ဘယ်သူလဲ"

"အင်း ... စောစောက လူလား၊ လူတော့ မှတ်မိလိုက်တယ်၊ လာနေကျ ဖောက်သည် မဟုတ်တော့ သူ့နာမည်တော့ မသိဘူး ခင်ဗျ"

"စေ့စေ့စပ်စပ်ကော ကြည့်လိုက်မိသလား"

"ဒီလောက်ကြီးလည်း မဟုတ်ဘူး ၊ ဒါပေမဲ့ တစ်ဦးတည်း လာသူမျိုးကို ဂရုတော့ စိုက်ရတယ်၊ မူးတတ် သလား၊ မူးရင် ရမ်းတတ်သလားပေါ့ ၊ ဒီလူက ဒီလို မဟုတ်ပါဘူး၊ ဘယ်သူ့မှ လည်း စကားမပြော၊ သူ့ဘာသာ သူ အေးအေး စားသွားတာပဲ"

မေဆင် ခေါင်းညိတ် နားထောင်နေ၏။

"နေပါဦး မစ္စတာ မေဆင်၊ ဘာကြောင့် ဒါတွေ မေးနေတာလဲဗျ"

"သူ ဘယ်သူလဲ သိချင်လို့ ပါ"

"ဘာကြောင့် သိချင်တာလဲ"

"တစ်နေရာရာမှာ တွေ့ဖူးသလားလို့ "

မောရစ်က မေဆင်၏ မျက်နှာကဲကို ခေတ္တ အကဲခတ်ပြီး ပြောလိုက်သည် ။

"ဒီမှာ မစ္စတာ မေဆင်၊ ရှေ့နေကြီးရော ကျွန်တော်ရော ဒီလူအကြောင်း ဘာမှ လည်း မသိကြ၊ လူ့သဘာဝကို ကျွန်တော်တို့ နှစ်ဦးလုံး သိပြီးသားတွေပါဗျာ၊ ဒါပြောနေလို့ ခင်ဗျားပြောသလိုပဲ ဘာအကျိုးမှ လည်း မရှိဘူး၊ ကဲ . . . ကျွန်တော် တခြားအခန်းတွေ ကူးလိုက်ဦးမယ်၊ မင်္ဂလာညပါ ရှေ့နေကြီး"

***

# အခန်း(၂)

စားသောက်ဆိုင်မှ သိပ်မဝေးသော တစ်နေရာရှိ အများ သုံး ဖုန်းရုံထဲ မေဆင် ဝင်သွားပြီး လူသတ်မှု စုံစမ်း ထောက်လှမ်းရေး အဖွဲ့မှ ရဲအုပ်ကြီး ထရက်ထံ ဖုန်းဆက်၏။

"ပယ်ရီမေဆင်ပါ ရဲအုပ်ကြီး၊ တစ်ခုလောက် ကူညီပါလားဗျာ"

"မကူညီနိုင်ဘူးဗျာ"

"ဘာဖြစ်လို့ လဲဗျ"

"ခင်ဗျားကို ကူညီတိုင်း ကျွန်တော် ဒုက္ခ ရောက်ရလွန်းလို့ "

"ဘာမှန်းမှ မသိသေးဘဲနဲ့ ရဲအုပ်ကြီးကလည်း "

"အရေးမကြီးရင် ခင်ဗျား ကျွန်တော့်ဆီ အကူအညီ မတောင်းတတ်ပါဘူး"

"အေးပါ ဒါထားပါဦး၊ ခုကိစ္စ အကြောင်း ပြောပါမယ်၊ ကဲ . . . ယူနီဖောင်းလေး ဘာလေး လဲပါ၊ ကားတိုက်ခံရတဲ့ မိန်းကလေးတစ်ယောက်ကို ကူညီဖို့ ကိစ္စပါပဲ၊ ဒီလို . . . ဒီလို"

မေဆင်က ဒေစီ၏ အဖြစ်အပျက် အားလုံး ကားတိုက်ခံရပြီး ဆေးရုံရောက်ရပုံအထိ ပြောပြ၏။

"မောရစ် စားသောက်ဆိုင်က ထွက်ပြေးသွားတဲ့ ကလေးမလား"

"ဟုတ်တယ်"

"ကလေးမက ခင်ဗျားနဲ့ ဘယ်လို ပတ်သက်ပါသလဲ"

"ခုထိတော့ မပတ်သက်ပါဘူး၊ ကလေးမ အန္တရာယ် ရှိနေတယ် ထင်လို့ ကူညီချင်တာပါပဲ၊ အဲဒီ ကလေးမ အခု ဆေးရုံကြီး ရောက်နေလိမ့်မယ်၊ ဒဏ်ရာ ဘယ်လောက် ပြင်းထန်မှန်းတောင် မသိရသေးပါဘူး၊ ပုဂ္ဂလိက ဆေးခန်းတစ်ခုကို ပြောင်းထားပေးဖို့ နဲ့ အထူးဆရာမ တစ်ယောက်ပါ ငှားထားပေးဖို့ ဆောင်ရွက်ပေး စမ်းပါ၊ ကုန်ကျစရိတ် ကျုပ် ကျခံပါ့မယ်"

"ဘာကြောင့် "

"ဆေးရုံကြီးမှာ ဆက်ရှိနေရင် ကလေးမ အသတ်ခံရလိမ့်မယ်လို့ ကျုပ်ထင်နေတယ် ထရက်၊ ဒါကြောင့် ဘယ်သူမှ မသိနိုင်တဲ့ နေရာမှာ ပြောင်းထားချင်တယ်"

"ဒါပဲလား၊ တခြား ဘာလုပ်ပေးရဦးမလဲ"

"ဒါပါပဲဗျာ"

"ကလေးမ ဘယ်သူ ဆိုတာကို သိသလား"

"မြင်တောင် မမြင်ဖူးပါဘူး၊ စားသောက်ဆိုင်ထဲမှာ တွေ့ဖူးရင်တော့ တွေ့ဖူးမလား မသိဘူး၊ သူတို့ ကိစ္စတွေ ဖြစ်ချိန်မှာ ကျုပ်ကလည်း အဲဒီဆိုင်ထဲ ညစာ စားနေခိုက်နဲ့ ဆုံခဲ့ရတာပါပဲ"

"ဒါဆိုလည်း ဟုတ်ပါပြီလေ၊ ခင်ဗျား ပြောသလို ကျုပ် အလွတ်သဘော လုပ်ပေးမယ်၊ ပြီးတော့မှ ကုန်ကျစရိတ်စာရင်း ခင်ဗျားဆီ ပို့လိုက်

မယ်၊ ဘယ့်နှယ်လဲ"

"ကျေးဇူးတင်တယ် ထရက်"

ပြောပြောဆိုဆို မေဆင်က ဖုန်းချလိုက်၏။

ကားပေါ် ပြန်အရောက် မေဆင်က ဒယ်လာကို လှမ်းပြောသည် ။

"ဒယ်လာရေ ဟိုသားမွေး ကုတ်အင်္ကျီထဲ ဘာရှိနေလဲ၊ တို့ သိချင်တယ်ကွာ၊ ဆရာ ချုပ်ရိုးဖျက်ပြီး အထဲ ရှာကြည့်ချင်တယ်"

ဒယ်လာက ကုတ်အင်္ကျီ ချွတ်ပေးသည် ။

မေဆင်သည် ကားကို တစ်နေရာ ထိုးရပ်လိုက်ပြီး မောင်းချားကလေးဖြင့် ချုပ်ရိုး အသစ်နေရာကို ဖြေကြည့်သည် ။ စက္ကူတစ်ခု ထွက်ကျလာရာ ဒယ်လာက လှမ်းကောက်လိုက်သည် ။

"ဆရာရေ ဒီမှာ ဘာလဲ မသိဘူး"

"အလို . . . အပေါင်လက်မှတ် ပါလား၊ ဆီတဲလ်မြို့မှ ပေါင်ခဲ့တာ၊ လက်မှတ်နံပါတ်က ၆၉၈၀ ဂျေတဲ့ ၊ ရက် ၉၀ အတွင်း ရွေးရမယ် ဆိုပဲ၊ ၁၈ ဒေါ်လာနဲ့ ပေါင်ခဲ့တာ၊ အတိုးက တစ်လကို တစ်ရာခိုင်နှုန်း ပြီးတော့ ထိန်းသိမ်းခ ပေးရမယ်"

"ကိစ္စက အတော် စိတ်ဝင်စားစရာ ကောင်း လာပြီနော် ဆရာ ၊ ဒီ အမျိုးသမီးဟာ ဟိုမြို့ကနေ ထွက်လာ နိုင်အောင် လက်ဝတ်ရတနာ တစ်ခုခု ပေါင်ခဲ့တယ် ထင်ပါရဲ့ "

"ကဲ . . . တို့ မိတ်ဆွေကြီး ပေါလ်ဒရိတ်ကိုပဲ စုံစမ်းခိုင်း ရတော့မှာပေ့ါ၊ ၁၈ ဒေါ်လာတန် ဒီပစ္စည်းဟာ တို့ အတွက် ဒေါ်လာ ၅၀၀ တန် သတင်းလည်း ဖြစ်လာနိုင်တာပဲ"

"ဆရာ မလိုချင်တဲ့ သတင်း ဆိုရင်ကော ဆရာ"

"ဒါတော့ မတတ်နိုင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ အဲဒီအချိန်လောက်မှာ မောရစ်အကြောင်း နောက်ထပ် တို့ သတင်းတွေ ရပြီးရောပေါ့"

***